BreastScreen WA

Burmese

Screening mammography for women with a family history of breast cancer

မိသားစုတွင်း ရင်သားကင်ဆာရှိခဲ့ဖူးသော အမျိုးသမီးများအတွက် မင်မိုဂရမ်(နို့အုံပုံရိုက်) စစ်ဆေးမှု

ဗရက်စခရင်းဒဗျူအေသည် အမျိုးသမီးများအတွက် အခမဲ့ နို့အုံပုံရိုက်စစ်ဆေးပေးသည်၊ အသက်၅၀ မှ ၆၉ နှစ်အတွင်း အမျိုးသမီးများအတွက် အရေးကြီးသော စစ်ဆေးမှုဖြစ်သော်လည်း အသက် ၄၀မှ စ၍ အမျိုးသမီးများ လာရောက်နိုင်ပါသည်၊ အကယ်၍ အမျိုးထဲတွင် ရင်သားကင်ဆာ ရှိခဲ့ဖူးလျှင် ယခုစာတမ်းက နို့အုံပုံရိုက်စစ်ဆေးမှုနှင့်ပတ်သက်၍သင်မေးလိုရာ အချို့ကိုအဖြေပေးနိုင်ပါသည်။

အမျိုးထဲတွင်ရင်သားကင်ဆာဖြစ်ခဲ့ဖူးလျှင် ဆိုတာ ဘာကိုဆိုလိုတာလဲ၊

- မိသားစုထဲ၌ အနည်းဆုံး တစ်ယောက် ရင်သားကင်ဆာ ရှိခဲ့ဖူးသည်။
- ဤရောဂါ တခုတည်း မိသားစုအတွင်း အများအပြား ဖြစ်ခဲ့ဖူးလျှင် မျိုးရိုးအရ ဆက်ခံသည့်ရောဂါ ဟုတွေးစရာရှိသည်။
- ရင်သားကင်ဆာကို ကိုယ်တိုင်တော့ အမွေရခြင်းမဟုတ်ပါ။ သို့သော် ကင်ဆာဖြစ်စေသော ပုံမှန်မဟုတ်သည့် မျိုးရိုးဗီဇကိုအမွေ ရနိုင်သည်၊ အမျိုးသမီးအနေနှင့် ယင်းပုံမှန်မဟုတ်သည့် ဗီဇကိုရခဲ့လျှင်၊ ရင်သားကင်ဆာဖြစ်ကိုဖြစ်မည်ဟု သေချာပေါက် မဆိုနိုင်သော်လည်း ဖြစ်နိုင်ချေများသည်။
- ရင်သားကင်ဆာ အများဆုံးမှာ မျိုးရိုးဗီဇကြောင့်မဟုတ်ဘဲ မမှတ်မထင်ဖြစ်ကြသည်၊ ရင်သားကင်ဆာဖြစ်မှု အားလုံးတွင် မျိုးရိုးကြောင့်ဖြစ်မှုမှာ ၁ မှ ၅ ရာနှုန်းအထိသာရှိသည်။

မိသားစုတွင်း ရင်သားကင်ဆာရှိသော အမျိုးသမီးများအတွက် စိတ်သက်သာစရာ အချက်များ

မိသားစုတွင်း ရင်သားကင်ဆာရှိခဲ့ကြောင်း သိသော အမျိုးသမီးများမှာ စိတ်ပူပန်စရာ ဖြစ်နေသည်။ သို့သော် သိထားသင့်သည်များမှာ

- ဩစတြေးလျမ်းအမျိုးသမီး ၉ ယောက်တွင် ၁ ယောက် သူတို့အသက်တာတွင်း ရင်သားကင်ဆာဖြစ်လိမ့်မည်။
- ရင်သားကင်ဆာဆိုသည်မှာ အသက်ကြီးလာသည်နှင့်အမျှ ဖြစ်နိုင်ချေပိုများသည့် သာမန်ရောဂါဖြစ်သည်၊ အမျိုးသမီးအများစုတွင် ဤရောဂါဖြစ်ခြင်းသည် မျိုးရိုးကြောင့်မဟုတ်ပဲ ဖြစ်ချင်လို့ ဖြစ်ခြင်းသာဖြစ်သည်။
- အမေ သို့မဟုတ် အမ ရင်သားကင်ဆာရှိလျှင် သင်လည်း အလိုအလျောက် ရင်သားကင်ဆာ ရလာမည်ဟု မယူဆနိုင်ပါ။
- သင့်မှာ ရင်သားကင်ဆာဖြစ်လာခဲ့လျှင်၊ ဤပုံမှန်မဟုတ်သည့် မျိုးရိုးဗီဇကို သေချာပေါက် အမွေရခဲ့ပြီး၊ သင့်သားသမီးများကို အမွေဆက်ပေးလိမ့်မည်ဟု မယူဆနိုင်ပါ။
- ရင်သားကင်ဆာ ရှိလာသူ အမျိုးသမီး ၁၀ယောက်အနက် ၉ယောက်တွင် မိသားစုကင်ဆာဖြစ်ခဲ့မှု ရာဇဝင်မရှိပါ။

သင့်မိသားစု ရာဇဝင် အရေးကြီးလာချေမှာ

- သင့်အမျိုး တစ်ဖက်အတွင်း (မိခင်ဘက် သို့မဟုတ် ဖခင်ဘက်) တစ်ယောက်ထက်မက ရင်သားကင်ဆာ ရှိသည်ကို တွေ့ရှိလာလျှင်
- ထိုအမျိုးများမှာ အသက်၅၀ အောက်တွင် ကင်ဆာဖြစ်ကြောင်း စတင်တွေ့ရှိခဲ့လျှင်
- ထိုရင်သားကင်ဆာဖြစ်သော အမျိုးများသည် သင်နှင့်နီးစပ်စွာ တော်စပ်လျှင် (ဝမ်းကွဲ မဟုတ်ဘဲ ညီအစ်မအရင်း)
- ရင်သားနှစ်ဖက်လုံး ရင်သားကင်ဆာဖြစ်ခြင်း၊ အမျိုးသားရင်သားကင်ဆာ သို့မဟုတ် ရင်သားနှင့် မျိုးဥကင်ဆာ မိသားစုအတွင်း ဖြစ်လျှင်

For an appointment phone 13 20 50

မိသားစုရာဇဝင်ရှိခဲ့လျှင် ဗရက်စခရင်းဒဗျူအေသို့ ဆက်သွယ်ပုံ ဘယ်သို့ဖြစ်မလဲ၊

ဗရက်စခရင်းဒဗျူအေက အမျိုးသမီးများတွင် အထူးသဖြင့် အသက် ၅၀ နှင့် ၆၉ နှစ်အရွယ်အတွက် ရင်သားနို့အုံပုံရိုက်စစ်ဆေးမှုကအကျိုး အများဆုံး ဖြစ်စေသဖြင့် နှစ်နှစ် တစ်ခါ မှန်မှန်စစ်ဆေးရန် တိုက်တွန်းပါသည်၊ အသက် ၄၀ မှ ၄၉နှစ် နှင့် အသက် ၇၀ အထက် အမျိုး သမီးများလည်း လာရောက်နိုင်ပါသည်။

လာရောက် ဓါတ်မှန်ရိုက်သည့်အခါ မိသားစုရာဇဝင်ကို ကောက်ခံမေးမြန်းပါသည်၊ အချို့ အမျိုးသမီး အနည်းငယ်တို့ မိသားစု ရာဇဝင်ကြောင့် အကြိမ်များများ ပုံရိုက်စစ်ဆေးရန် လိုအပ်နိုင်ပါသည်။

ကျွန်ုပ်၏မိသားစုအတွင်း ရင်သားကင်ဆာ ဖြစ်သူများ ရှိခဲ့ပါက၊ ကျွန်ုပ်အနေနှင့် ဘယ်အသက်မှစ၍ ဘယ်လောက် အချိန်ခြားပြီး အကြိမ်များများ စစ်သင့်ပါသလဲ၊

မိသားစုအတွင်း ရင်သားကင်ဆာဖြစ်ခဲ့မှု သိသာစွာများလျှင်နှင့် အကယ်၍ အောက်ပါအကြောင်းတစ်ခုခုရှိခဲ့လျှင် အသက် ၄၀ မှ စတင်၍ ထိုအမျိုးသမီးများ နှစ်စဉ် နို့အုံပုံရိုက် စစ်ဆေးရန် အကြုံးဝင်ပါသည်။

- အနီးစပ်ဆုံးအမျိုး (မိခင်၊ ညီအမ၊ သမီး၊ ဖခင်၊ သား၊ မောင်၊ အကို) တစ်ဦးဦး အသက်၅၀ မပြည့်မီ ရင်သားကင်ဆာ ဖြစ်ခဲ့လျှင်
- အနီးစပ်ဆုံးအမျိုးသည် ရင်သားနှစ်ဖက်လုံး၌ ကင်ဆာဖြစ်ခဲ့လျှင် (မည်သည့်အသက်အရွယ်၌ တွေ့သည်မဆို)
- အနီးစပ်ဆုံးအမျိုး နှစ်ဦးနှင့် အထက် (မည်သည့်အသက်အရွယ်၌ တွေ့သည်မဆို) ကင်ဆာဖြစ်ခဲ့လျှင်

အသက်၅၀ကျော်ပြီး နီးစပ်ဆုံးအမျိုးထဲ၌ ရင်သားကင်ဆာရှိသူ အမျိုးသမီးများသည် မိမိတို့ဝင်းကျင်အတွင်းရှိ အခြားသာမန် အမျိုးသမီးများထက် ကင်ဆာဖြစ်နိုင်ချေမများပါ။၎င်းအမျိုးသမီးများ နှစ်နှစ် တခါ နို့အုံပုံရိုက်စစ်ဆေးရန် ဖိတ်ခေါ်ခံရပါမည်။

တခြား ကျွန်ုပ်ဘာလုပ်ရမလဲ၊

မိမိ၏ မိသားစုအတွင်း ရင်သားကင်ဆာဖြစ်ခဲ့မှုကြောင့် စိုးရိမ်ပူပန်နေလျှင် ကိုယ့်တဦးခြင်း အခြေအနေကို ကိုယ့်မိသားစု ဆရာဝန်နှင့် ဆွေးနွေးသင့် ပါသည်၊ အကယ်၍ မိသားစုအတွင်း ရင်သားကင်ဆာဖြစ်နေကြောင်း အသစ်တွေ့ရှိလာပါက၊ ဗရက်စခရင်းဒဗျူအေ နှင့် ကိုယ့်ဆရာဝန် နှစ်ဦးလုံးကို အသိပေးရန် အရေးကြီးပါသည်။

ရင်သားကို ဂရုစိုက်ရန် အမှတ်ရပါ၊

- ရင်သားများတွင် ပုံမှန်အခြေမဟုတ်သော အပြောင်းအလဲများကို ကြည့်ပါ။ စမ်းကြည့်ပါ။
- အကယ်၍အပြောင်းအလဲရှိကြောင်း သတိထားမိပါက မိမိ ဆရာဝန်ကို ချက်ခြင်း တွေ့ပါ။
- မိမိ၏ဆရာဝန်အားနှစ်စဉ် ရင်သားကို စမ်းသပ်ခိုင်းပါ။

မေးစရာ ရှိပါသလား၊

ဗရက်စခရင်းဒဗျူအေဝန်ထမ်းများက သင့်မေးခွန်းများကို ဖြေဖို့ အဆင်သင့်ရှိပါသည်၊ ဖုန်းနံပါတ် (08) 9323 6700။ နယ်မှအမျိုး သမီးများသည် အခမဲ့ဖုန်း 1800 800 033 ကို ခေါ်ပါ၊ တီတီဝိုင် နံပါတ်မှာ 1800 241 708 ဖြစ်ပါသည်၊

ရက်ချိန်းတောင်းလိုလျှင် 13 20 50 (မြို့တွင်းခေါ်သည့် စရိတ်အတိုင်း)ကို ခေါ်နိုင်ပါသည်။

အကယ်၍အခမဲ့ စကားပြန်မှ တဆင့် ပြောလိုပါက စကားပြန်နှင့်ဘာသာပြန် ဝန်ဆောင်ဌါန (TIS) ကို 13 14 50 အရင်ခေါ်ပြီး၊ ကျွန်ုပ်တို့၏ ရက်ချိန်းပေးဌါန 13 20 50 ကို ဆက်သွယ်ပေးရန် ပြောနိုင်သည်။

Department of **Health**
GOVERNMENT OF WESTERN AUSTRALIA

BreastScreen WA — WA's only accredited screening service

BreastScreen AUSTRALIA — A joint Australian, State and Territory Government Program

www.breastscreen.health.wa.gov.au

© BreastScreen WA, Department of Health

Telephone (08) 9323 6700 Facsimile (08) 9323 6799 TTY 1800 241 708 Bookings 13 20 50

OA004186 OCT'11

Helping Deliver a **Healthy WA**